PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma

ဧပြီ ၃၀၊ ၂၀၁၄

ပြည်သူ့သံတမန်ရေးရာနှင့် ပြည်သူ့ရေးရာ Under Secretary ရစ်ချဒ် စတန်ဂယ် နှစ်နိုင်ငံဆက်ဆံရေး၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ပညာရေးနှင့် ပညာတော်သင်ဖလှယ်ရေးအစီအစဉ်တို့အကြောင်း ဆွေးနွေး

ရန်ကုန် -- ပြည်သူ့သံတမန်ရေးရာနှင့် ပြည်သူ့ရေးရာ Under Secretary ရစ်ချဒ် စတန်ဂယ်သည် ဧပြီ ၂၈-၂၉ တို့တွင် လာရောက်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတို့ အပါအဝင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် အရာရှိကြီးများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေး၊ သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ယဉ်ကျေးမှုဖလှယ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ Under Secretary စတန်ဂယ်သည် စာနယ်ဇင်းသမားများနှင့်တွေ့ဆုံကာ တာဝန်သိမီဒီယာဖြစ်ပေါ်လာရေးအတွက် ယင်းတို့ ကျော်ကျော်လှမ်းနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အမေရိကန်အစိုးရ၏ ပညာရေးနှင့် ပညာတော်သင်ဖလှယ်ရေး အစီအစဉ်များက ပံ့ပိုးပေးနိုင်မည့်နည်းလမ်းများကို အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ကျောင်းသားများနှင့် စွန့်ဦးလုပ်ငန်းရှင်များနှင့်လည်း ဆွေးနွေးခဲ့ပါသည်။

"ဒီတာဝန်ကိုယူပြီးနောက် ပထမဆုံးအကြိမ် ဒီကိုလာရောက်ပြီး ခိုင်ခိုင်မာမာ ဖြစ်ပေါ်တိုးတက်နေတဲ့ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွေအတွက် အမေရိကန်ပြည်ထောင်စုရဲ့ ကတိကဝတ်တွေကို လာရောက်ပြသနိုင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်" ဟု စတန်ဂယ်က ပြောသည်။ "ဒီတိုင်းပြည်ကို ကျွန်တော်ရဲ့ ပထမဆုံး တရားဝင်ခရီးအဖြစ် လာရောက်ရာမှာ ဒီတိုင်းပြည်ရဲ့ မကြုံစဖူးတဲ့ ပြုပြင်ပြောင်းလဲရေးတွေကြောင့်ချည်းသက်သက်မဟုတ်ဘဲ ပြည်ထောင်စုအစိုးရနဲ့အတူလက်တွဲပြီး ပညာရေးနဲ့ ပညာတော်သင်ဖလှယ်ရေးအစီအစဉ်တွေကနေတစ်ဆင့် ပြည်သူလူထုအကြား ရင်းနှီးမြုပ်နှံရင် အကျိုးဖြစ်ထွန်းမယ်ဆိုတဲ့အတွက်ကြောင့်လည်း ဖြစ်ပါတယ်။ ဒီလို အစီအစဉ်တွေက နှစ်နိုင်ငံကြား ပြည်သူချင်းဆက်ဆံရာမှာ ရေရှည်တည်တံ့စေပြီး ကျွန်တော်တို့တွေရဲ့ ဆက်ဆံရေးကို နက်ရှိုင်းခိုင်မာစေတယ်ဆိုတာကို ကျွန်တော်တွေ့ဆုံခဲ့တဲ့ လူငယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်တွေနဲ့ စာနယ်ဇင်းသမားတွေက အခိုင်အမာဆိုခဲ့ကြပါတယ်။"

"မေ ၃ ရက်မှာ ကျရောက်မယ့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အကြိုအနေနဲ့ ဒေသခံစာနယ်ဇင်းသမားတွေနဲ့ တွေ့ဆုံပြီး လက်ရှိမီဒီယာလောကအခြေအနေနဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရဲ့ အရေးပါပုံတွေကို ဆွေးနွေးခဲ့ပါတယ်။ လွန်ခဲ့တဲ့သုံးနှစ်အတွင်းမှာ နိုင်ငံရေးအခြေအနေ သိသိသာသာ ပွင့်လင်းလာပြီး တက်ကြွတဲ့ ဒီမိုကရေစီရဲ့ အရေးကြီးအစိတ်အပိုင်းဖြစ်တဲ့ လွတ်လပ်မျှတပြီး အမှီခိုကင်းတဲ့ မီဒီယာလောကဖြစ်စေမယ့် အရေးပါတဲ့ အဆင့်တွေကို အစိုးရက ပြုလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သတင်းလိုက်နေတဲ့ သတင်းသမားတွေကို ဖမ်းဆီးထောင်ချတာတွေကို စိုးရိမ်မကင်းစွာနဲ့ ကြားသိနေရပါတယ်။ ဒီလိုဖမ်းဆီးမှုတွေကြောင့် သတင်းမီဒီယာလွတ်လပ်ခွင့်အတွက်

အစိုးရရဲ့ သန္ဓိဌာန်နဲ့ပတ်သက်ပြီး မေးစရာ မေးခွန်းတွေ ဖြစ်လာပါတယ်။ တိကျမှန်ကန်တဲ့ အချက်အလက်ကောင်းတွေရယူခွင့်ကို အာမခံမယ့်၊ လူထုပြောဆိုဆွေးနွေးမှုကို မြှင့်တင်မယ့် စာနယ်ဇင်းသမားတွေ ပေါ်ထွက်စေမယ့် ဝန်းကျင်တစ်ခုဖန်တီးပေးဖို့ ကျွန်တော်တို့ဆွေးနွေးကြတုန်းမှာ အစိုးရနဲ့ ဒေသခံစာနယ်ဇင်းသမားတွေကို တိုက်တွန်းခဲ့ပါတယ်။

###